မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 13, 2019 Volume 25, Number 7

၁၃.၁၁.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၉၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/- ကျပ် |
| CBM Rate | = ၁၅၁၈.၅ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၁.၉ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၈.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၁.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၈.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၅၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၀၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၀၇ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## လုပ်ခလစာသက်သာမှုကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ထိုင်းကုမ္ပဏီများ ပိုများလာ

ဒေသတွင်းနိုင်ငံများထက် လုပ်ခလစာသက်သာမှုကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ထိုင်းကုမ္ပဏီများ ပိုမိုများပြားလာသည်ဟု မြန်မာနိုင်ငံ ငံးနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် က ပြောသည်။ ထိုင်းနိုင်ငံအတွင်းမှာရှိနေတဲ့ လုပ်ငန်းတွေရဲ့ လုပ်ခလစာကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံဘက်ကို ရွှေ့မယ်ဆိုပြီးတော့ လာဆွေးနွေးနေကြတာတွေ ရှိပါတယ်။ ဒီလိုပဲ တဖြည်းဖြည်း ဝင်လာတာတွေလဲရှိပါတယ်။ ထင်ရှားတဲ့ ဥပမာဆိုရင် Amata ဝင်လာပြီဖြစ်ပါတယ်။ သူရဲ့ရင်းနှီးမြှုပ်နှံမှုပမာဏက ကြီးပါတယ်ဟု ၎င်းက ဆိုသည်။

ထိုင်းနိုင်ငံအခြေစိုက် Yangon Amata Smart and Eco Cityကုမ္ပဏီမှာ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၇၄ သန်းအထိ အများဆုံးဝင်ရောက် ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပြီး အသက်မွေးဝမ်းသင်တန်းကျောင်းစင်တာ စီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ Amata ရဲ့Industrial Park ကြီးရလာပြီဆိုတာနဲ့ သူလုပ်မဲ့လုပ်ငန်းတွေတစ်ခါတည်း ခေါ်လာမှာဖြစ်ပါတယ်။ ထိုင်းမှာလုပ်ခလစာများလို့ ရွှေ့ချင်တယ်ဆိုတဲ့လုပ်ငန်းမျိုးတွေကိုတစ်ခါတည်းခေါ်ပြီး ကျွန်တော်တို့ဆီကို ဝင်လာမှာဖြစ်ပါတယ်။ ဘယ်ဟာက ဘယ်လောက်အသေးစိတ်လာမယ်ဆိုတာကိုတော့ အတိအကျစာရင်းပြုစုထားတာမရှိဘူး။ ဒါပေမဲ့လာဆွေးနွေးတာတွေကတော့ မော်တော်ကားနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ ကျွန်တော်တို့ဆီကိုရွှေ့လာချင်နေတယ်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အဆင့် (၃) နေရာ၌ ရပ်တည်နေပြီး ပြီးခဲ့သည့် စက်တင်ဘာလကုန်အထိ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၁၁ ဒသမ ၅ ဘီလီယံအထိ ဝင်ရောက်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် အလုပ်သမားတစ်ဦး၏ လက်ရှိအနိမ့်ဆုံးလစာမှာ တစ်လလျှင် ပျမ်းမျှ ကျပ်တစ်သိန်းခွဲအောက်သာရှိသော်လည်း ထိုင်းနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာမှာ ၂၀၁၇ခုနှစ်မှာပင် ကျပ် ၃ သိန်းနီးပါး ရှိနေသည်။

**Source:** http://www.mizzimaburmese.com/article/62594

## မလေးရှားနိုင်ငံက မြန်မာနိုင်ငံ၏ မြစ်ကြောင်းများတွင် ဇိမ်ခံသင်္ဘောပြေးဆွဲခြင်း၊ အလယ်ပိုင်းဒေသတွင် စက်မှုမြို့သစ်တည်ဆောက်ရေးလုပ်ငန်းအပါအဝင် လုပ်ငန်းသုံးခုရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေး

မလေးရှားနိုင်ငံက မြန်မာနိုင်ငံ၏ မြစ်ကြောင်းများတွင် ဇိမ်ခံသင်္ဘောပြေးဆွဲခြင်း၊ အလယ်ပိုင်းဒေသတွင် စက်မှုမြို့သစ်တည်ဆောက်ရေးလုပ်ငန်းအပါအဝင် လုပ်ငန်းသုံးခု ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေးထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။ မလေးရှားနိုင်ငံက မြန်မာနိုင်ငံ အလယ်ပိုင်းတွင် စက်မှုမြို့သစ် တည်ဆောက်ရေးလုပ်ငန်းအပြင် လူနေအိမ်ရာတည်ဆောက်သည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လာရောက်ဆွေးနွေးထားခြင်းဖြစ်သည်။ မလေးရှားက စီးပွားရေး သုံးမျိုးလုပ်ဖို့ လာတိုင်ပင်ပါတယ်။ ပထမတစ်ခုက ပြည်တွင်းမြစ်ကြောင်းမှာသွားတဲ့ Cruise လုပ်ငန်း၊ နောက်တစ်ခုက စက်မှုမြို့သစ်လိုဟာမျိုး ဆောက်ချင်တယ် မြန်မာနိုင်ငံအလယ်ပိုင်း လောက်မှာ။ နောက်တစ်ခါ လူနေအိမ်ရာတွေနဲ့ပတ်သက်ပြီး တည်ဆောက်ချင်တယ်ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

လက်ရှိအချိန်တွင် မလေးရှားနိုင်ငံက မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ အဆင့် (၈) နေရာတွင် ရပ်တည်နေသော်လည်း လာမည့်နှစ်များအတွင်း ရင်းနှီးမြှုပ်နှံမှု ထိပ်သီးငါးနိုင်ငံအတွင်း ပါဝင်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း Malaysia – Myanmar Connect (MMC) 2019 အခမ်းအနား၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ မလေးရှားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် နည်းပညာ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်းနှင့်စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးလုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် အဓိကစိတ်ဝင်စားနေကြောင်း အထက်ပါအခမ်းအနားမှသိရသည်။ မလေးရှားစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးကဏ္ဍတော်တော် များများမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့အတွက်ကို စိတ်ဝင်စားတယ်။ အထူးသဖြင့်တော့ နည်းပညာပိုင်း၊ ဆောက်လုပ်ရေးအပိုင်း၊ ကုန်ထုတ်လုပ်ရေးအပိုင်း၊ ဝန်ဆောင်မှုအပိုင်း၊ အဲဒီအပိုင်းတွေမှာ ပိုပြီးတော့စိတ်ဝင်စားမှု ရှိတယ်။ စိုက်ပျိုးရေးအခြေခံတဲ့ စီးပွားရေးလုပ်ငန်းပိုင်းတွေမှာ ပိုပြီးတော့စိတ်ဝင်စားမှုရှိတာကို တွေ့ရပါတယ်။ အကြမ်းဖျင်းပြောမယ်ဆိုရင်တော့ မလေးရှားစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကဏ္ဍတော်တော်များများ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားမှုရှိတယ်လို့ မြင်ပါတယ်" ဟု မြန်မာ-မလေးရှားစီးပွားရေးအသင်း၏ ဥက္ကဋ္ဌ Gilbert Lee က ပြောကြားသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံပေါင်း ၅၀ က လုပ်ငန်းပေါင်း ၁၈၃၇ ခု လာရောက်ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၈၇၄ ဘီလျံအထိရှိသည်။ ယင်းအနက် မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ နှစ်ဘီလျံနီးပါးရှိပြီး အများဆုံးရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံများအဆင့်သတ်မှတ်ချက်၌ အဆင့် ၈ နေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၂ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ် အဆင့်ရှိသည့် နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ နှစ် ၂၀ ကြာဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင် ရေးစီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိပြီဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းကို ကာလတိုငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁အထိ)၊ ကာလလတ် ငါးနှစ်(၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ အထိ)၊ ကာလရှည် ၁၀ နှစ် (၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၅-၂၀၃၆ အထိ) အသီးသီးဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/144960

## မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လျက်ရှိပြီး လက်ရှိတွင်လည်း လုပ်ခလစာကြောင့် ထိုင်းနိုင်ငံမှ စက်ရုံများ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် လာရောက်ဆွေးနွေးထားကြောင်း DICA ညွှန်ကြားရေးမှူးချုပ်ပြောကြား

မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လျက်ရှိပြီး လက်ရှိတွင်လည်း လုပ်ခလစာကြောင့် ထိုင်းနိုင်ငံမှ စက်ရုံများ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် လာရောက်ဆွေးနွေးထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။ ထိုင်းရဲ့ရင်းနှီးမြှုပ်နှံမှုကလည်း တိုးလာပါတယ်။

ကျွန်တော်တို့ဆီကို ထိုင်းနိုင်ငံအတွင်းမှာရှိနေတဲ့ လုပ်ခလစာကြောင့် မြန်မာနိုင်ငံကိုရွှေ့မယ်ဆိုပြီး လာပြီးတော့ ဆွေးနွေးကြပါတယ်ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောကြားသည်။ လက်ရှိတွင် ထိုင်းနိုင်ငံမှ လာရောက် ဆွေးနွေးထားသည့် လုပ်ငန်းများမှာ LED လုပ်ငန်း၊ ကားအပိုပစ္စည်း ထုတ်လုပ်ရေး၊ မော်တော်ကား အလှဆင်ပစ္စည်း ထုတ်လုပ်မည့် လုပ်ငန်းအမျိုးအစား စသည်တို့ဖြစ်ကြောင်းသိရသည်။ လက်ရှိမှာ လာဆွေးနွေးနေတာကတော့ LED စက်ရုံတွေ ရွှေ့လာချင်တယ်ဆိုပြီး လာဆွေးနွေးတာရှိတယ်။ ထို့အတူ မော်တော်ကား အပိုပစ္စည်းနဲ့ ပတ်သက်တဲ့လုပ်ငန်းမျိုးတွေ လာဆွေးနွေးတာရှိတယ်။ မော်တော်ကားထဲမှာ လိုအပ်တဲ့ပစ္စည်း စက်ရုံတွေလာဆွေးနွေးတာရှိပါတယ်ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံ အတွင်းသို့ နိုင်ငံပေါင်း ၅၀ မှ လုပ်ငန်းပေါင်း ၁၈၃၇ ခု လာရောက် ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၈၇၄ ဘီလျံရှိကြောင်း သိရသည်။ ယင်းအနက် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ် နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၁ ဘီလျံကျော်ရှိပြီး အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံများအဆင့် သတ်မှတ်ချက်$ အ ဆင့် (၃) နေရာတွင် ရပ်တည်နေခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် အထူးစီးပွာရေးဇုန် ဥပဒေအရ သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ခွင့်ပြုထားသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆၁ ဘီလျံ အထိရှိသည်။ အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါ အထူးစီးပွားရေးဇုန်အတွင်း လာရောက် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံပေါင်း ၁၉ နိုင်ငံ အထိရှိသည်။ ယင်းတို့အနက် အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သည့် စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်တို့က လာရောက်ရင်းနှီးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံပေါင်း ၅၀ အနက် အာဆီယံဒေသတွင်းကိုးနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၈ ဘီလျံကျော်ရှိပြီး စုစုပေါင်းပမာဏ၏ ၄၆ ရာခိုင်နှုန်းကျော် အထိရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။
၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ နှစ်ပေါင်း ၃၁ နှစ်အတွင်း မြန်မာနိုင်ငံ အတွင်းသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍ စသည့် ၁၁ ခု၌ အဓိကဝင်ရောက်ထားခြင်းဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့် နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ နှစ် ၂၀ ကြာ ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီဖြစ်ကြောင်းသိရသည်။
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စီမံကိန်းကို ကာလတိုငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိ)၊ ကာလလတ်ငါးနှစ် (၂၀၂၁-၂၀၂၂ ခုနှစ်မှ-၂၀၂၅-၂၀၂၆ အထိ)၊ ကာလရှည် ၁၀ နှစ် (၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၅-၂၀၃၆ အထိ) အသီးသီး ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/144711

## တရားမဝင်ကုန်စည်များ ဈေးပေါပေါဖြင့် ဝင်ရောက်နေခြင်းကြောင့် ဈေးကွက်ယှဉ်ပြိုင်ရန်ခက်ခဲလာ၍ စက်ရုံအချို့တွင် အလုပ်သမားဦးရေလျှော့ချနေရ

နယ်စပ်မှ တရားမဝင် ဝင်ရောက်နေသည့်ကုန်စည်များအပြင် ဈေးပေါပေါဖြင့် ဝင်ရောက်နေသည့် ကုန်စည်များကြောင့် ဈေးကွက်ယှဉ်ပြိုင်ရန်ခက်ခဲလာပြီး စက်ရုံအချို့တွင် အလုပ်သမား ဦးရေ လျှော့ချနေရကြောင်း လှိုင်သာယာစက်မှုဇုန်နာယက ဦးမြတ်သင်းအောင်က နိုဝင်ဘာ ၁၁ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ အရောင်းအဝယ်တော့ သိပ်မကောင်းဘူး။ ပြည်ပပစ္စည်းတွေကလည်း ဈေးပေါပေါနဲ့ ဝင်လာတော့ ယှဉ်ပြိုင် ရတာမလွယ်ဘူး။ ဖိနပ်စက်ရုံတွေဆိုရင် တော်တော်များများ လူလျှော့တာရှိတယ်။ တရုတ်ပြည်က ဈေးပေါပေါနဲ့ဝင်တယ်။ ထိုင်းက ဝင်တယ်။ မလေးရှားက ဝင်တယ်။ သူတို့နည်းပညာကို မီအောင် မလိုက်နိုင်တဲ့အခါကျတော့ နောက်ပြီး သူတို့က Recycle ကို ပြန်သုံးတတ်တယ်။ နယ်စပ်ကနေ တရားဝင်ရော၊

တရားမဝင်ရော ဝင်တာတွေရှိတယ်။ သူတို့က အမြဲတမ်းနည်းပညာတွေက တက်နေတာ။ အန်ကယ်တို့ဆီကတော့ ဒီပုံဒီနည်းပဲ သွားနေတော့ မမီဘူး။ လိုင်စင်အခက်အခဲရှိတုန်းက ဒီကလူတွေက ပိုရောင်းရတာပေါ့လေ။ အခုက လိုင်စင်တွေကလည်း လွယ်ကူသွားတော့၊ အခွန်ကလည်း အရင်ကထက်စာရင်သက်သာသွားတော့ ပြည်ပပစ္စည်းတွေကပိုရောင်းရပါတယ်။ တရုတ်နယ်စပ်က ဝင်တာများတယ်။ အခွန်ရှောင်တာတွေလည်းရှိတယ်ဟု ၎င်းက ပြောသည်။ နယ်စပ်ဒေသများမှ တရားမဝင် ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်ပေးရန် တင်ပြလာမှုအပေါ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ဖမ်းဆီး အရေးယူမှု ၉၇၄ ကြိမ် ခန့်မှန်းတန်ဖိုး ငွေ ကျပ် ၁၄ ဒသမ ၆၁၄၅ ဘီလီယံဖိုး ဖမ်းဆီးနိုင်ခဲ့သည်။ အိမ်ငှားလိုပဲ။ ဒီအိမ်ငှား ဆင်းသွားရင် နောက်အိမ်ငှားဝင်လာတာပဲ။ တချို့ကျတော့ ဘယ်လောက်နာမည်ကြီး ကုမ္ပဏီကဝင်လုပ်လည်း မကိုက်ရင် နောက်ဆုတ်သွားတဲ့အတွက် နောက်ထပ်အသစ်က ထပ်ဝင်လာတာပဲ။ ဒါတွေတော့ အရင်ကတည်းကရှိတယ်ဟု ၎င်းက ပြောသည်။

လတ်တလောတွင် ရန်ကုန်ရှိ စက်မှုဇုန် အချို့၌ အရှုံးပေါ်မှုများ ကြောင့် စက်ရုံရပ်နား၊ ပိတ်သိမ်းရ သည်အထိ မကြာခဏ အပြောင်းအလဲဖြစ်ပေါ်လျက်ရှိပြီး စက်ရုံဝန်ထမ်းအချို့မှာလည်း မတရားအလုပ်ထုတ်ခံရမှုများ၊ အလုပ်သမားအခွင့်အရေး ဆုံးရှုံးမှုများ ကြောင့် ဆန္ဒထုတ်ဖော်မှု၊ သပိတ်စခန်း ဖွင့်လှစ်ထားမှုများဖြင့် အခွင့်အရေး အပြည့်အဝရရှိရေးအတွက် တောင်းဆိုမှုများရှိနေသည်။

**Source:** https://myanmar.mmtimes.com/news/130792.html

## ယခုဘဏ္ဍာနှစ်မှစ၍ ပြည်တွင်းအခွန်များဦးစီးဌာနက ရတနာခွန်အပါအဝင် အခွန်ခြောက်မျိုးကောက်ခံမည်



တိုင်းနှင့်ပြည်နယ်များရှိ ပြည်တွင်းအခွန်များဦးစီးဌာနများ အနေဖြင့်ယခင်ဘဏ္ဍာနှစ်များတွင် အခွန်ငါးမျိုးကောက်ခံ၍ ပြည်ထောင်စုသို့ ပေးသွင်းခဲ့ရာမှ ယခုဘဏ္ဍာနှစ်မှစတင်၍ ရတနာအခွန်ကိုပါထည့်သွင်း ကောက်ခံရမည်ဖြစ်၍ စုစုပေါင်း အခွန်ခြောက်မျိုး ကောက်ခံရမည်ဖြစ်ကြောင်း မန္တလေးတိုင်း ဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှသိရသည်။ ပြည်တွင်း အခွန်များဦးစီးဌာနမှကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူး ကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်စသည့် အခွန်ငါးမျိုးကို ကောက်ခံခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း အခွန်အကောက်ဥပဒေအရ ရတနာခွန်ကိုပါ ထည့်သွင်းကောက်ခံရမည်ဖြစ်၍ ခြောက်မျိုးရှိလာခြင်းဖြစ်သည်။ အရင်ဘဏ္ဍာနှစ်တွေမှာ တိုင်းနဲ့ပြည်နယ်အလိုက် ကောက်ခံပေးတာက အခွန်ငါးမျိုးပါ။ ဒီနှစ်ပြဋ္ဌာန်းတဲ့ ပြည်ထောင်စုအခွန်အကောက်ဥပဒေအရ ရတနာခွန်အဖြစ်ကောက်ခံရမှာဖြစ်တယ်။ ဘာလို့လဲဆိုတော့ အရင်က နေပြည်တော်မှာပဲ ကျောက်မျက်ပြပွဲရှိတယ်။ ခုနောက်ပိုင်း စစ်ကိုင်းနဲ့ မန္တလေးတိုင်းမှာလုပ်လာတဲ့အခါမှာ ရတနာခွန်ဆိုတာကောက်ခံဖို့ဖြစ်လာတယ်ဟု မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်ကပြောသည်။

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ ကြိုးကြပ်မှုဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရန် ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်ရောင်းချမှုများကို မြန်မာကျပ်ငွေဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့ရာမှ တိုင်းနှင့် ပြည်နယ်များတွင် ရတနာခွန်ကောက်ခံမှု စတင်ဆောင်ရွက်ရခြင်းဖြစ်သည်ဟုဆိုသည်။ အရင်ကတော့ ပြည်ထောင်စု အစိုးရကြီးမှူးတဲ့ နေပြည်တော်ကျောက် မျက်ရတနာပြပွဲတစ်ခုပဲရှိပြီး အခွန် ကောက်ခံမှုက ပြည်ထောင်စုကပဲ လုပ်တယ်။၂၀၁၉ မှာ စစ်ကိုင်းနဲ့မန္တလေးမှာလုပ်တော့ ပြည်တွင်းအခွန်ဦးစီးဌာနနဲ့သက်ဆိုင်သွားပါတယ်။ မန္တလေး

ကျောက်မျက်ရတနာပြပွဲမှာ ရောင်းသူက ၁၁ ရာခိုင်နှုန်းနဲ့ ဝယ်သူက ငါးရာခိုင်နှုန်းအခွန်ပေးဆောင်ဖို့ ပြည်တွင်းအခွန်ဦးစီးဌာနက စာရင်းတွေလုပ်နေတယ်ဟု မန္တလေးမြို့ကျောက်စိမ်းရောင်းဝယ်ရေးကုမ္ပဏီတစ်ခုမှ ကိုမျိုးကပြောသည်။ ကျောက်မျက်ရတနာပြပွဲကို ပြည်ထောင်စုအစိုးရကြီးမှုးကျင်းပသည့် နေပြည်တော် မဏိရတနာခန်းမတွင် နှစ်စဉ် နိုင်ငံခြားငွေ (ယူရိုငွေ)ဖြင့်ရောင်းချပွဲနှင့် မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲများပြုလုပ်ပေးနေကြောင်း၊ ယခုနှစ်တွင် မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့တွင် မြန်မာကျပ်ငွေဖြင့်ရောင်းသည့်ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်မှုများကြောင့် ရောင်းသူ/ဝယ်သူများ အခွန်ပေးဆောင်နိုင်ရန် ရတနာခွန်ကို စတင်ကောက်ခံခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/130745.html

## ပြည်ပသို့ ဆန်စပါးနှင့်ပဲ ဂျီတူဂျီစနစ်ဖြင့် တင်ပို့နိုင်ရေး အမြန်ဆုံးလုပ်ဆောင်ပေးရန်လိုအပ်နေ



ပြည်ပသို့ ဆန်စပါးနှင့်ပဲကို နှစ်နိုင်ငံ G to G စနစ်ဖြင့် တင်ပို့နိုင်ရေး အစိုးရက အမြန်ဆုံးလုပ်ဆောင်ပေးရန်လိုအပ်နေပြီး သို့မဟုတ်ပါက အခြေခံတောင်သူလယ်သမားများနှင့် နိုင်ငံအတွက်ထိခိုက် နစ်နာမှုများ ရှိနိုင်ကြောင်း ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက နိုဝင်ဘာ ၁၃ရက်၌ မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ ဆန်စပါးတို့ ပဲတို့ကို နှစ်နိုင်ငံ G TO G လက်မှတ်ရေးထိုးနိုင်အောင် အစိုးရအနေနဲ့ အလျင်အမြန်ဆောင်ရွက်ပေးဖို့လိုတယ်။ ဒီလိုမှမဟုတ်ရင် အခြေခံ လယ်သမားတွေ ထိခိုက်လာနိုင်သလို တိုင်းပြည်အတွက်လည်း အကောင်းဘူးလို့မြင်ပါတယ်။ GDP တက်တယ်မတက်တယ်က ဒါနဲ့လည်းဆိုင်နေတယ်။ ဒါကြောင့် အခြေခံလယ်သမားတွေ အဆင်ပြေမှ တိုင်းပြည်လည်းအဆင်ပြေမယ်ဟု ၎င်းကပြောသည်။

ပြည်ပနိုင်ငံများသို့ တင်ပို့မှုကျဆင်းနေသဖြင့် ပြည်တွင်း၌ ဆန်ပိုလျှံမှုများရှိသည့်အတွက် ဆန်စပါးဈေးမှာ အခြေခံဈေးအောက် ကျဆင်းလျက်ရှိသည်။ ထို့ကြောင့် အချို့ဒေသများတွင် ဆန္ဒပြမှုများရှိခဲ့ကာ မကြာမီလပိုင်းအတွင်းက နိုင်ငံတော်အစိုးရက အခြေခံစပါးဈေးထုတ်ပြန်ခဲ့ပြီး စပါးဈေးကျဆင်းနေသည့်ဒေသများတွင် ဆန်စပါးဝယ်ယူပေးမှုများပြုလုပ်ခဲ့သည်။ မနှစ်ကတည်းက စပါးဈေးကျတယ်။ နယ်စပ်ကုန်သွယ်ရေးမှာ တရုတ်က ကျွန်တော်တို့ဆီက ဆန်ရောလယ်ယာထွက်ကုန်ပစ္စည်းတွေ ရောကန့်သတ်လိုက်တယ်။ အရင်က တရားဝင် ၂သန်းလောက်သွားခဲ့တာ။ အခုက ၅သောင်းလောက်ပို့မယ့်ဟာမှာ ၅၀၀၀တောင် မနည်းပို့နေရတယ်။ အဲ့တာကြောင့် ဒီဘက်မှာပိုလျှံနေတယ်။ဒါကြောင့် စပါးဈေးကျတယ်။ အစိုးရက တောင် အခြေခံဈေးတွေတောင် ထုတ်ပြန်ကြေညာတယ်။ လက်ရှိအနေအထားကတော့ လယ်သမားတွေအတွက် အခက်အခဲရှိတယ်ဟု ၎င်းကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကမူ တရုတ်ကုမ္ပဏီများ၏ ဝယ်ယူမှုဖြင့် ခွဲတမ်းရရှိသည့် ဆန်တန်ချိန် တစ်သိန်းထက်ကျော်လွန်ကာ ရေ ကြောင်းမှတစ်ဆင့် တင် ပို့ရောင်းချနေရကြောင်း နိုဝင်ဘာ ၁ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောကြားထားသည်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ ပထမလအတွင်း ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှု စုစုပေါင်းပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၄၁၁ သန်းရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားများတွင်ဖော်ပြသည်။ ဆန်ကို တရုတ်နိုင်ငံနှင့် မလေးရှားနှင့် MADAGACAR နိုင်ငံသို့ အများဆုံး ရောင်းချခဲ့ခြင်းဖြစ်ပြီး ဆန်ကွဲကို SENEGAL ၊ အင်ဒိုနီးရှား နှင့် BELGIUM နိုင်ငံများသို့ အများဆုံး ရောင်းချနိုင်ခဲ့သည်ဟုဆိုသည်။ အိန္ဒိယပဲကုမ္ပဏီများက အိန္ဒိယပြည်နယ်အစိုးရခွင့်ပြုချက်ဖြင့် မြန်မာ့ပဲအား သတ်မှတ်ခွဲတမ်း တန်ချိန်တစ်သိန်းထက် ထက်ပိုမိုဝယ်ယူနေသည့်အတွက် ပြည်တွင်းပဲဈေးအဆများစွာတက်လာသော်လည်း မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပဲတိုက်ရိုက်တင်ပို့ရာတွင် ဘဏ်စနစ်များကြောင့် အဆင်မပြေနိုင်သေးကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/130837.html

## ပဲခူးတိုင်းအတွင်း ရင်းနှီးမြှုပ်နှံရန် အမေရိကန်နှင့် တရုတ် ကမ်းလှမ်းမှုပြုလုပ်

အမေရိကန်နိုင်ငံသားများနှင့် တရုတ်နိုင်ငံသားလုပ်ငန်းရှင်များသည် ပဲခူးတိုင်းဒေသကြီးအတွင်း၌ ရင်းနှီး မြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စား လျက် ရှိကာ လာရောက်ကမ်းလှမ်းမှုများပြုလုပ်နေကြောင်း ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အမေရိကန်နှင့်တရုတ်တို့၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် ပဲခူးတိုင်းအား စိတ်ဝင်စားမှုမြင့်တက်နေပြီး ရင်းနှီးမြှုပ်နှံရန် အဆင်သင့်ဖြစ်နေကြောင်းသိရသည်။ သို့သော် မြေယာကဏ္ဍ၏စည်းမျဉ်းစည်းကမ်း တင်းကြပ်မှုများအပါအဝင် ရင်းနှီးမြှုပ်နှံရမည့်မြေနေရာများ အရန်သင့်စီစဉ်ပေးနိုင် မှုမရှိခြင်း တို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ ကြန့်ကြာနေရခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ အခက်အခဲဖြစ်နေသည့် မြေယာကဏ္ဍအတွက် ညှိနှိုင်းဖြေလျှော့ပေးပါက အမေရိကန်ဒေါ်လာသန်းနှင့်ချီ၍ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာနိုင်ပြီး ဒေသခံများ အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိနိုင်မည်ဖြစ်သည်။ သက်ဆိုင်ရာတာဝန်ရှိတဲ့ကဏ္ဍကနေပြီးတော့ မြေအသုံးချမှုဆိုင်ရာ ကန့်သတ်ချက်နဲ့ ရင်းနှီးမြှုပ်နှံသူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ညှိနှိုင်းဖြေလျှော့ ပေးနိုင်မယ် ဆိုရင် ကာလတိုအတွင်းမှာပဲ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်းရာဂဏန်း အထိ မြန်မြန်ဆန်ဆန်ဝင်ရောက်လာ နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းနေရာပေါင်းသောင်းနဲ့ချီ ပေါ်ပေါက် လာမှာဖြစ်ပါတယ်ဟု တိုင်းညွှန်ကြားရေးမှူးကပြောသည်။ စက်မှုဇုန်မြေရရှိရန်အတွက် မြေယာကဏ္ဍ ကန့်သတ်ထားမှုကြောင့် ရင်းနှီးမြှုပ်နှံသူများနှင့် မြေရောင်းချ ငှားရမ်းမည့်သူများ အတွက်ပါ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

စက်မှုမြေရရှိဖို့အရေးပင် အလွန်ခက်ခဲနေပြီး စက်မှုဇုန်ရရှိနိုင်ရန်မှာ လွန်စွာခက်ခဲနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နီးစပ်သူများက ပြောဆိုထားသည်။ စက်မှုဇုန်ရရှိနိုင်ရေးတွင် အဆင့်ဆင့်သော လုပ်ငန်းစီမံချက်များကြောင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြန့်ကြာနေပြီး အခက်အခဲများကြုံတွေ့နေရသည်ဟု ၎င်းတို့ကပြောသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အရန်သင့်လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့် သည်ဟု အကြံပေး ပြောဆိုထားသည်။ ပဲခူးတိုင်းဒေသကြီးတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၇--၂၀၁၈ ဘတ်ဂျက် ကာလ၌ လုပ်ငန်း ၁၇ ခုရှိပြီး အမေရိကန်ဒေါ်လာသန်းပေါင်း ၃၂၇ ဒသမ ၇၂၁ သန်း ဝင်ရောက်ရင်းနှီးမြှုပ်နှံထားသည်။ ပြီးခဲ့သည့်ဘတ်ဂျက်ကာလ (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန် အထိ)လုပ်ငန်းအသေးစား ၂၄ ခုသာ ရှိပြီး အမေရိကန်ဒေါ်လာ ၁၈၅ ဒသမ ၅၃၂ သန်းသာ ဝင်ရောက်ရင်းနှီး မြှုပ် နှံသည့်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ် ငန်းများ လျော့ကျခဲ့ရကြောင်း ပဲခူး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စာရင်းများအရသိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အနေဖြင့် ၂၀၁၇--၂၀၁၈ ဘတ်ဂျက် ကာလတွင် အမေရိကန်ဒေါ်လာ သန်း ၆၇ ဒသမ ၇၂ ဘီလီယံရှိပြီး ၂၀၁၈--၂၀၁၉ တွင် ၆၆ ဒသမ ၃၈၈ ဘီလီယံ ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။ ထို့အပြင် ရန်ကုန်တွင် ဖွင့်လှစ် ထားသည့်လုပ်ငန်းများကိုပိတ်သိမ်းပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသော စက်ရုံ ၂၀ နီးပါးသည် ပဲခူးဒေသရှိ စက်မှုဇုန် များ၌ ရင်းနှီးမြှုပ်နှံရန် လာရောက်ကမ်းလှမ်းမှုများ ပြုလုပ်နေကြောင်း ပဲခူးစက်မှုဇုန်ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဦးဟိန်းထက်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/130699.html

## ရိဒ်နယ်စပ်ရောင်းဝယ်ရေးဂိတ်၌ ကွမ်းသီးနှင့် စီးကရက်တင်ပို့ရောင်းချခွင့်ပိတ်ထား၍ ကုန်သည်များ အခက်ကြုံနေ

မြန်မာ-အိန္ဒိယနယ်စပ်၌ ဒုတိယအကြီးမားဆုံးရောင်းဝယ်ရေးဂိတ်ဖြစ်သည့် ရိဒ်နယ်စပ်ကုန်စည်ရောင်းဝယ်ရေးတွင် ကွမ်းသီးနှင့်စီးကရက်ဝယ်ယူမှုကို အိန္ဒိယနိုင်ငံဘက်မှ ရပ်ဆိုင်းခဲ့သည့်အတွက် နယ်စပ်ရောက်ကုန်သည်များ အခက်ကြုံ နေကြောင်း ရိဒ်နယ်စပ်ဒေသခံကုန်သည်တစ်ဦးဖြစ်သည့် ဦးလားလ်ဆောမာက နိုဝင်ဘာ ၇ ရက်တွင် ပြောသည်။ အဆိုပါ ရိဒ်နယ်စပ် ကုန်ရောင်းဝယ်ရေးတွင် မြန်မာဘက်မှတင်ပို့မှု များပြားသည့်ကွမ်းသီးနှင့် စီးကရက်ဝယ်ယူမှုကို ရပ်ဆိုင်းထား ခဲ့သည်မှာ အချိန် သုံးလကြာမြင့်လာပြီဖြစ်သည်။ မြန်မာနိုင်ငံက တင်ပို့တဲ့ကွမ်းသီးကို အခွန်မဆောင်လို့ဆိုပြီး အာသံရိုင်ဖယ်

တပ်ဖွဲ့က မီဇိုရမ်ပြည်နယ် အိုက်ဇောမြို့အဝင်မှာ ပြီးခဲ့တဲ့ အောက်တိုဘာလကတည်းက ဖမ်းဆီးမှုတွေလုပ်ပြီးတဲ့နောက်ပိုင်း ကွမ်းသီးတင်ပို့မှုပိတ်ထားခဲ့တာ ဖြစ်ပါတယ်ဟု ဦးလားလ်ဆောမာကပြောသည်။

ယင်းသို့ အိန္ဒိယနိုင်ငံကုန်သည်များက မဝယ်ယူသဖြင့် ရိဒ်နယ်စပ်ကုန်စည်သိုလှောင်ရုံများ၌ မြန်မာဘက်မှ ကုန်စည် များဖြင့်ပြည့်နေပြီး အချို့ကွမ်းသီးအစိုများမှာ မှိုတက်ခြင်း၊ ပုပ်ခြင်းကြောင့် ပျက်စီးမှုများကြုံနေရသည်။ ပုံမှန်အားဖြင့် ရိဒ်နယ်စပ်ရောင်းဝယ်ရေးမှာ ကွမ်းသီးအစို၊ အခြောက်က အများဆုံးအရောင်းအဝယ်ဖြစ် တဲ့ကုန်စည်ဖြစ်ပါတယ်။ အခုလိုတစ်ဖက်က ဝယ်ယူမှုရပ်ဆိုင်းထားတဲ့အတွက် နယ်စပ်မှာနေထိုင်သူတွေ၊ အလုပ်သမားတွေ၊ ကုန်သည်တွေ၊ ဆက်စပ်သယ်ယူပို့ဆောင်ရေးတွေ ပါ စားသောက်ရေး ခက်ခဲလာပါတယ်။ နောက်အပျက်အစီးတွေရှိလာတော့ ဒီဘက်မှာ အရှုံးရင်ဆိုင်နေရတာ ဖြစ်ပါတယ်ဟု နယ်စပ်ရောက်ကုန် သည်တစ်ဦးကပြောသည်။

နယ်စပ်ကုန်သွယ်ရေးမှတ်တမ်းများအရ ကွမ်းသီးအရောင်းအဝယ်ဖြစ်သည့်နေ့များ၌ နေ့စဉ်ကွမ်းသီး အစို၊ အခြောက်အိတ် ၈၀၀၀ မှ ၁၀၀၀၀ အထိ နေ့စဉ်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နယ်စပ် ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးပို့ကုန် အမေရိကန်ဒေါ်လာ ၃၁၁၀၀ လျာထားသတ်မှတ်ထားရာ ယခုအခါ အမေရိကန်ဒေါ်လာ ၃၄၉၇၉ ဒသမ ၈၆၃ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း ကွမ်းသီးတင်ပို့ရောင်းဝယ်ရေးမှတ်တမ်းများအရသိရသည်။ ရိဒ်နယ်စပ်သို့ တင်ပို့ရောင်းချသည့်ကုန်စည်များကို ကလေး-တီးတိန်-ရိဒ်ကားလမ်းမှတင်ပို့ရောင်းချခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/130665.html

## ရေသွင်းစနစ်ဖြင့် ငှက်ပျောစိုက်ပျိုးရေး အောင်မြင်လာသော်လည်း ဝယ်လက်နည်းပါးနေသေး



မင်းဘူး(စကု) မြို့နယ်တွင် ရေသွင်းစိုက်ပျိုးသည့် ငှက်ပျောခင်းများ အောင်မြင်လာသော်လည်း ဝယ်လက်နည်းပါးခြင်းကြောင့် ထိုက်သင့်သည့် ဈေးနှုန်း မရဖြစ်နေကြောင်းသိရသည်။ မင်းဘူး(စကု) မြို့နယ်၊ ရေမြက် ကျေးရွာမှ တောင်သူ ဦးကျော်ဝင်းထွန်းက ကျွန်တော်က ငှက်ပျောစိုက်ဧက ဒသမ သုံးကျော်လောက်ပဲစိုက်ထားတယ်။ ရောင်းရချိန်ကဆိုရင်တော့ တစ်လနှစ်သိန်းကျော်လောက်တော့ဝင်တယ်။ ငှက်ပျောသီးက ရေသွင်းစနစ် သေချာဂရုတစိုက်နဲ့လုပ်ကိုင်ရင် အောင်မြင်အဆင်ပြေပါတယ်။ အရင်က ဝယ်သူတွေက ရွာအရောက် အိမ်အရောက်လာဝယ်တော့ ရောင်းရတယ်။ အခုက ဝယ်လက်ပါးတာ နှစ်လခန့်ရှိပြီဟုပြောသည်။

ငှက်ပျောတစ်ခိုင်လျှင် ငါးဖီးမှ ကိုးဖီး အထိထွက်ရှိပြီး တစ်ဖီးကို ကျပ် ၇၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်လျှင် ငှက်ပျောဖီး ၂၀ ခန့်အထိထွက်ရှိကြောင်း သိရသည်။ အချို့ခြံရှင်များသည် ခြံသို့တိုက်ရိုက်လာဝယ်သည့် ကုန်သည်ကိုစောင့်၍ ရောင်းချရသဖြင့် ငှက်ပျောသီးများ အရင့်လွန်ကာ အပင်၌အသီးများ ကွဲသည်အထိ ပျက်စီးခြင်းများလည်းရှိကြောင်း သိရသည်။ပွင့်ဖြူမြို့ နယ် လက်ပံနွယ် ကျေးရွာမှ ငှက်ပျောစိုက်တောင်သူ ဦးကြည်သန်းက အခုလပိုင်းမှာ ဖီးကြမ်းငှက်ပျောကတော့ အရောင်းအဝယ် ဖြစ်ပါတယ်။ ရခိုင်ငှက်ပျောကတော့ ပွဲထိုးတဲ့သူများမှ ဝယ်တာဆိုတော့ အရောင်းအဝယ် နည်းနည်းပါးတယ်။ မြို့တွေကို ဆိုင်ကယ်နဲ့ ကိုယ်တိုင်သွားရောင်းရင်တော့ ဈေးနှိမ်ပေမယ့် ရောင်းရတယ်ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်၊ မုန်းချောင်းတစ်လျှောက် ကျေးရွာများဖြစ်သည့် မုန်းစလဲ၊ ညောင်ပင်ဇောက်၊ အင်းနက်၊ ပေတောာ၊ ကျောင်းကုန်း၊ မလွှကုန်း၊ သစ်ပုတီးကုန်း၊ မင်းရွာနှင့် လက်ပံနွယ်ကျေးရွာများရှိ ဥယျာဉ်ခြံမြေများတွင် ဖီးကြမ်း၊ ရခိုင်၊ ဝက်မလွတ်နှင့် သူငယ်စာ စသည့် ငှက်ပျောအမျိုးအစားများကို စိုက်ပျိုးကြကြောင်း သိရသည်။ ငှက်ပျောပင်စိုက်ပျိုးခြင်းကို မိုးဦးကျခါနီး တန်ခူးလနှင့် ကဆုန်လတို့တွင် စတင်စိုက်ပျိုးကာ တစ်ကျင်းလျှင် ငှက်ပျောနှစ်ပင်နှုန်း စိုက်ပျိုးပြီး ရေသွင်းပေးရသည်။ ငှက်ပျောတစ်ပင်လျှင်ကျပ် ၅၀၀ မှ ကျပ် ၇၀၀ ကြား ရရှိသည်။ လေးလက်မပိုက်ဝင် ပေ ၄၀ ခန့် ရေတွင်းတစ်တွင်းကို ကျပ်နှစ်သိန်းခွဲဖြင့် အငှားတူးကာ ရေစုပ်စက်ဖြင့် တစ်ပတ်တစ်ကြိမ် ရေသွင်းပေးရကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ငှက်ပျောစိုက်ဧကပေါင်း ၃၀၀၀ ကျော်ရှိပြီး မင်းဘူး(စကု) မြို့နယ်တွင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်

ငှက်ပျောစိုက် ၆၃ ဧက ရှိပြီး ၂၀၁၉ ခုနှစ်တွင် ရှစ်ဧက တိုးချဲ့စိုက်ပျိုးလာသဖြင့်၇၁ ဧက စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေး ဦးစီးဌာနထံမှ သိရသည်။

**Source:** http://htwettoe.com/article-details/news/8220009

## ပြည်တွင်းအခေါက်ရွှေဈေး ကျပ် ၁၁ သိန်းအောက် ကျဆင်းရန်မရှိဟုခန့်မှန်း



ပြည်တွင်းအခေါက်ရွှေဈေးနှုန်း ကျပ် ၁၁ သိန်းအောက်သို့ ပြန်လည်ကျဆင်းနိုင်ခြေမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က နိုဝင်ဘာ ၉ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ ဒီလအတွင်းမှာ တရုတ်က ရွှေအဝယ်ရပ်လိုက်တဲ့အတွက်ကမ္ဘာ့ ရွှေဈေးကျသွားတယ်။ ရွှေဈေးက ဆက်တော့ကျနေမယ်။ ဒါပေမဲ့ ထိုက်သင့်သလောက်အထိတော့ မကျနိုင်ဘူးဟု ၎င်းကပြောသည်။

ပြည်တွင်းရွှေဈေးမှာ နှစ်စဉ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ရွှေဈေးကျသည့်ရာသီဖြစ်သောကြောင့် ရွှေဈေးဆက်ကျဆင်းနေမည်ဖြစ်ပြီး ယင်းရာသီကုန်ဆုံးပါက တစ်ကမ္ဘာလုံး၌ ရွှေအရောင်းအဝယ်များ ပြန်လည်ပြုလုပ်လာပါက ပြန်လည်မြင့်တက်လာနိုင်ခြေရှိကြောင်း ၎င်းကပြောသည်။

အခေါက်ရွှေဈေးတစ်ကျပ်သားလျှင် ကျပ် ၁၁ သိန်းအောက်အထိ ရောက်ရှိရန် ခန့်မှန်းထားခဲ့သော်လည်း ယင်းအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည် မဟုတ်သေးကြောင်း ၎င်းကခန့်မှန်းသည်။ ပြီးခဲ့သည့် စက်တင်ဘာပထမပတ်က ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှု၊ ပြည်တွင်းဘဏ်လုပ်ငန်းဂယက်နှင့် အခြားအခြေအနေများကြောင့် ပြည်တွင်းအခေါက်ရွှေများ အဝယ်လိုက်ကာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃၀၇၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ထို့ကြောင့် ရွှေဈေးကွက်အတွင်းအထူးစုံစမ်းစစ်ဆေးရေး (စ.စ.စ)မှ ဝင်ရောက်စစ်ဆေးခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁၃ သိန်း အောက်သို့ ပြန်လည်ကျဆင်းခဲ့ပြီး အကျဘက်သို့ ပြန်လည်ဦးတည ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းရွှေဈေးကွက်အတွင်း နိုဝင်ဘာ ၁ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၁၈၈၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကာ နိုဝင်ဘာ ၈ ရက်တွင်မှု အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၉၉၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြပြီး တစ်ပတ်အတွင်း ရွှေတစ်ကျပ်သားလျှင် ကျပ်၂၀၀၀၀ နီးပါးအထိ ပြန်လည်ကျဆင်းခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/130698.html

## မကွေးဒေသတွင် ကြက်သွန်နီဈေး တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ကျော်အထိမြင့်တက်



မကွေးဒေသတွင် ဆောင်းအဝင် စိုက်ပျိုးချိန်ကာလဖြစ်သောကြောင့် ကြက်သွန်နီမထွက်တော့သည့် ကာလဖြစ်သဖြင့် ဈေးမှာ တရိပ်ရိပ်မြင့်တက်ကာ ယခုရက်ပိုင်းတွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၂၀၀၀ ကျော်အထိ ဈေးတက်ခဲ့ကြောင်း မကွေးမြို့ရှိ သီးနှံပွဲရုံများမှသိရသည်။ ပြီးခဲ့သည့် နှစ်လခန့်အထိ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၈၀၀၊ ၁၀၀၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၀၀၀ ကျော်အထိ မြင့်တက်ခဲ့သည်။ ဒီနှစ်သင်္ကြန်ကာလအပြီးထိ ကြက်သွန်နီတစ်ပိဿာ ကျပ် ၅၀၀၊ ၆၀၀ ဝန်းကျင်ပဲ ရှိခဲ့တယ်။ နောက်ပိုင်းဈေးတန်းက တရိပ်ရိပ်မြင့်တက်လာခဲ့တာပါ။ အခုဆောင်းအဝင်ကာလ စိုက်ချိန်ပျိုးချိန်တွေဆိုတော့ ဒေသတွင်းမှာ ကြက်သွန်မထွက်တော့ဘူး။ ဒီနှစ်ပိုင်း ကြက်သွန်ထွက်ရှိမှု

အားနည်းနေတော့ ထွက်တဲ့ဒေသတွေက မှာယူပြီးရောင်းနေရတယ်။ ကိုယ့်ဒေသဝန်းကျင်မှာ မထွက်တော့ဘူးဆို ဈေးတန်းကမြင့်တက်တော့တာပါပဲ။ နောက်ရခိုင်ဘက်မှကုန်သည်တွေကလည်း တစ်ဖက်နိုင်ငံကိုပို့ဖို့ ဆင်းဝယ်နေကြတော့ ဈေးတွေမြင့်တက်ပြီး လက်ရှိတစ်ပိဿာကို ကျပ် ၂၀၀၀၊ ကျပ် ၂၂၀၀ ဈေးအထိရှိပါတယ်ဟု မကွေးမြို့မဈေးမှ သီးနှံပွဲရုံပိုင်ရှင်ကိုအေးသောင်းကပြောသည်။

ဒေသတွင်းကြက်သွန်နီ မထွက်သေးသရွေ့ ဈေးပြန်မကျနိုင်သေးကြောင်း၊ ကြက်သွန်နီကိုဒေသတွင်းရှိ ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ တောင်တွင်းကြီးဒေသများတွင် အဓိကစိုက်ပျိုးကြောင်း၊ မင်းဘူး၊ စကု၊ ပွင့်ဖြူ နတ်မောက်နယ်များတွင်လည်း စိုက်ပျိုးကြကြောင်း၊ ထွက်ရှိချိန်တွင် ဒေသစုံ မှထွက်ရှိမှသာ ဈေးပြန်ကျနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ကျွန်တော်တို့ မနှစ်ကကြက်သွန် ဈေးတွေ ကောင်းနေတာနဲ့ စိုက်ကွက် ၃၀၀ ကျော်လောက်စိုက်ခဲ့တယ်။ ကြက်သွန်ထွက်ရှိချိန်မှာ ဈေးတွေ ထိုးကျပြီး လေးသိန်းလောက်ရှုံးခဲ့တယ်။ အခုလည်း နှစ်စဉ်စိုက်နေကျဆိုတော့ စိုက်ကွက် ၁၀၀ လောက်တော့ စိုက်ထားတယ်။

ပြီးခဲ့တဲ့နွေပိုင်းက ရေသွင်းစိုက်ခဲ့တာ ဟပေါ်ချိန်မှာ ဈေးကောင်း ဟရတော့ အဆင်ပြေခဲ့တယ်။ အခုစိုက်နေတာကတော့ ပေါ်ချိန်ကျမှသိရမှာပါဟု မင်းဘူးမြို့နယ် ရေမျက်ရွာနေ တောင်သူတစ်ဦးကပြောသည်။ ယခင်နှစ် ကြက်သွန်ပေါ်စဉ် ဈေးထိုးကျခဲ့သောကြောင့် တောင်သူများအရှုံးပေါ်ကာ နာလန်မထူနိုင်သည့်အတွက် ယခုနှစ်တွင် စိုက်ဧကများကို ယခင်နှစ်က လောက် မစိုက်ကြတော့ဘဲ အနည်းငယ်သာစိုက်ပျိုးကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/130705.html

## မြန်မာ – တရုတ်နယ်စပ်၌ ယွမ်ငွေတန်ဖိုးတက်



ပွင့်လင်းရာသီတွင် မြန်မာ-တရုတ်နယ်စပ်၌ ယွမ်ငွေ တန်ဖိုးမြင့်တက်လာခြင်းက ပို့ကုန်လုပ်ငန်းများအတွက် အခွင့် အလမ်းကောင်းတစ်ခုဖြစ်လာကြောင်း မူဆယ်မြို့ရှိ ကုန်သည်အချို့က ပြောသည်။ တရုတ်ယွမ်ငွေတန်ဖိုးသည် နိုဝင်ဘာပထမပတ်အတွင်း ၄ ရာ ခိုင်နှုန်းခန့်မြင့်တက်လာသည်။ နိုဝင်ဘာလဆန်းက တစ်ယွမ်လျှင် ကျပ် ၂၁၀ ခန့်မှ နိုဝင်ဘာ ၁၀ရက်တွင် ၂၁၈ ကျပ်သို့တက်လာသည်။ ပို့ကုန်များလေ့ရှိသော ပွင့်လင်းရာသီတွင် ယွမ်ငွေတန်ဖိုး တက်ခြင်းက မြန်မာနိုင်ငံမှ ကုန်သည်များအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သော်လည်း လက်ရှိ ကုန်သွယ်ရေးအခြေအနေကြောင့် မပျော်နိုင်ကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်မှအသင်းဝင် ဦးမင်းသိန်းကပြောသည်။

မြန်မာနိုင်ငံမှဆန်တစ်မျိုးကို သာတစ်ရက်လျှင်အိတ်ရေ နှစ်သောင်းခွဲခန့်ရောင်းချနေရပြီး သကြား၊ ပြောင်းဖူးစေ့ စသော လယ်ယာထွက်ကုန်တင်ပို့မှုက နည်းပါးနေကြောင်း ၎င်းကပြောသည်။ မြန်မာနိုင်ငံဘက်မှ လယ်ယာထွက်ကုန်များ တင်ပို့မှု လျော့နည်းသော်လည်း သစ်သီးနှင့်အခြားကုန်စည်များ တင်ပို့မှုများခြင်းကြောင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်ပထမဆုံးလတွင် မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ ပို့ကုန်ကန်ဒေါ်လာ ၂၆၆ သန်းတင်ပို့ထားသည်။ လက်ရှိ မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာနိုင်ငံမှ အဓိကပို့ကုန်သည် ဖရဲသီးဖြစ်ပြီး တစ်ရက်လျှင်ကားအစီးရေ ၃၅၀ မှ ၄၀၀ အကြား မူဆယ်သို့အဝင်ရှိနေကြောင်း အဝေးပြေး ကုန်စည် ပို့ဆောင်ရေးအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့် ကပြောသည်။

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံမှပို့ကုန်များကို တရုတ်ယွမ်ငွေဖြင့်သာ ရောင်းချခြင်းကြောင့် ယွမ်ငွေတန်ဖိုးက အဓိကကျသည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးကို မြန်မာနိုင်ငံဘက်ခြမ်းတွင် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့်လွယ်ဂျယ်တို့တွင်ဖွင့်လှစ်ထားသည်။ ပြီးခဲ့သည့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၅ ဘီလီယံကျော်သည်။

**Source:** https://www.7daydaily.com170806

## ဆန်စက်လုပ်ငန်းရှင်များပူးပေါင်း၍ ဆန်စက်အများပိုင်ကုမ္ပဏီ တည်ထောင်မည်



ဆန်စက်လုပ်ငန်းရှင်များ ပူးပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ဆန်စက်အသင်းကုမ္ပဏီလီမိတက်ကို အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရန် စီစဉ်နေကြောင်းသိရသည်။ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက အများပိုင် ကုမ္ပဏီဖွဲ့ရခြင်းရဲ့ ရည်ရွယ်ချက်က ဆန်စက်သမားတွေက ဟိုတစ်စု၊ ဒီတစ်စုနဲ့ ရောင်းဝယ်တဲ့နေရာမှာ စုစုစည်းစည်းမရှိကြဘူးပေါ့။ ဈေးကလည်း သူတစ်မျိုး၊ ငါတစ်မျိုးတွေဖြစ်နေတယ်။ နောက်ပြီး အခုနောက်ပိုင်းက ဆန်စပါးကဏ္ဍမှာ နိုင်ငံတကာကလာပြီး ရင်းနှီးမြှုပ်နှံတဲ့ သူတွေအများကြီးရှိပါတယ်။ ဒီကုမ္ပဏီတွေက ကျွန်တော်တို့ကို ကျော်လွှားသွားရင် ပြည်တွင်းဆန်စက်တွေ ယှဉ်ပြိုင်နိုင်စွမ်းမရှိတာမျိုး မဖြစ်အောင်စုစုစည်းစည်းဆောင်ရွက်ဖို့ပါဟုပြောသည်။

အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရန်ဖြစ်ပြီး အများပိုင်ကုမ္ပဏီကို အသင်းသူ၊ အသင်းသားများ၏ သဘောဆန္ဒခံယူမှုကို မကြာမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအသင်းဗဟိုအလုပ်အမှုဆောင် ဦးသောင်းဝင်းက အများပိုင်ကုမ္ပဏီကနေ နယ်စက်ပိုင်တွေအတွက် ဈေးကွက်ရှာပေး၊ ချိတ်ဆက်ပေးတာတွေ လုပ်ပေးနိုင်မှာဖြစ်တယ်။ ဒ့ါအပြင် ဆန်စက်အသင်းနဲ့ ရန်ကုန် နည်းပညာတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနကနေ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ခရိုင်အားလုံးမှာ စပါးခွံပိုလျှံမှုနဲ့ တန်ဖိုးမြှင့်ထုတ်လုပ်သုံးစွဲနိုင်ရေးကို ပူးတွဲစစ်တမ်းကောက်ယူဖို့အသင်းမှာ ဆွေးနွေးနေပါတယ်ဟုပြောသည်။ အများပိုင်ကုမ္ပဏီအဖြစ်ဖွဲ့စည်းရာတွင် ပြင်ပရှယ်ယာရှင်များကို ခေါ်ယူမည်မဟုတ်ဘဲ အသင်းဝင်ဆန်စက်လုပ်ငန်းရှင်များဖြင့်သာ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းသိရသည်။

ဆန်စက်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆန်စက်များကို အဆင့်မြှင့်ရန်လိုအပ်သလို ဆန်စက်နှင့်သိုလှောင်ရုံ ပူးတွဲတည်ဆောက်နိုင်ရန် အသေးစား၊ အလတ်စားချေးငွေများ အတိုးနှုန်းသက်သာစွာ အစိုးရကချေးပေးရန်လိုအပ်ကြောင်း ဆန်စက်လုပ်ငန်းရှင်များကပြောသည်။ ဒီနှစ်အတွင်းမှာ ဆန်စက်တွေ ပိုမို အဆင့်မြှင့်တင်လာကြတယ်။ ဒီလိုလုပ်ဖို့ ဆန်စက်အများစုရဲ့ ပိုင်ဆိုင်မှုစာရွက်စာတမ်းတွေကို ဘဏ်တွေမှာ အပ်နှံထားကြတယ်။ ဒါကြောင့် ဒီကဏ္ဍ =ပိုမိုဖွံ့ဖြိုးဖို့ဆိုရင် ဆန်သိုလှောင်ရုံတွေ တိုးချဲ့တည်ဆောက်လာနိုင်ဖို့ –လိုတယ်။ ဒါကြောင့် အများပိုင်ဖွဲ့စည်းတာပဲဖြစ်ဖြစ် ဒီလောကအတွက် အကျိုးရှိစေမယ်ဆိုရင် မြန်မြန်ဖွဲ့စည်းဖို့ လိုအပ်တယ်ဟု နေပြည်တော်၊ တပ်ကုန်းရှိ ဆန်စက်ပိုင်ရှင် ဦးသန်းဇော်ကပြောသည်။ နိုင်ငံအတွင်းရှိ ဆန်စက်အများစုသည် ဆန်စက်သီးသန့်ဖြင့်သာ သိုလှောင်ရုံမပါဘဲ တည်ဆောက်ထားကြခြင်းဖြစ်၍ သိုလှောင်ရုံပါ ပူးတွဲတိုးချဲ့တည်ဆောက်ရန်လိုအပ်နေကြောင်းသိရသည်။

နိုင်ငံအတွင်းရှိ ဆန်စက်များသည် တစ်ရက်လျှင်ဆန်တန် ၁၅ တန်အောက်သာ ကြိတ်ခွဲနိုင်သော ဆန်စက်လုံးရေ ၁၅၄၀၀၀ ကျော်၊ ၁၅ တန်နှင့်အထက် ကြိတ်ခွဲနိုင်သော ဆန်စက် ၁၃၀၀ ကျော်ရှိကြောင်း၊ ထိုထဲတွင် ပြည်ပသို့အရည်အသွေးမီစွာ တန်းမြှင့်ထုတ်လုပ်နိုင်သည့် ဆန်စက်လုံးရေ ၃၀၀ ကျော်သာရှိခြင်းကြောင့်အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဆန်စက်အများစုသည် ဧရာဝတီ၊ ပဲခူးနှင့်ရန်ကုန်တိုင်း ဒေသကြီးတို့တွင်သာအများအပြားရှိနေပြီး အများစုက ဘွိုင်လာဆန်စက်ကြီးများဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံရှိ ဆန်စက်အများစုသည် ကျန်းမာသန့်ရှင်းရေးအပိုင်းတွင် အားနည်းလျက်ရှိကြောင်း၊ ထို့ကြောင့် အစာထုပ်ပိုးမှုတို့အတွက် နိုင်ငံတကာစံချိန်စံညွှန်းအတိုင်းကျင့်ကြံ၍ အရည်အသွေးမီစွာ ထုတ်လုပ်ရန် လိုအပ်နေသေးကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/8237861

## လုပ်ခလစာသက်သာမှုကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ထိုင်းကုမ္ပဏီများ ပိုများလာ



ဒေသတွင်းနိုင်ငံများထက် လုပ်ခလစာသက်သာမှုကြောင့် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံလိုသည့် ထိုင်းကုမ္ပဏီများ ပိုမိုများပြားလာသည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။ ထိုင်းနိုင်ငံအတွင်းမှာရှိနေတဲ့ လုပ်ငန်းတွေရဲ့ လုပ်ခလစာကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံဘက်ကို ရွှေ့မယ်ဆိုပြီးတော့ လာဆွေးနွေးနေကြတာတွေရှိပါတယ်။ ဒီလိုပဲ တဖြည်းဖြည်း ဝင်လာတာတွေလဲရှိပါတယ်။ ထင်ရှားတဲ့ ဥပမာဆိုရင် Amata ဝင်လာပြီဖြစ်ပါတယ်။ သူရဲ့ရင်းနှီးမြှုပ်နှံမှုပမာဏကကြီးပါတယ်ဟု ၎င်းကဆိုသည်။ ထိုင်းနိုင်ငံအခြေစိုက် Yangon Amata Smart and Eco Cityကုမ္ပဏီမှာ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၇၄သန်းအထိ အများဆုံးဝင်ရောက်ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းစင်တာ စီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

Amata ရဲ့Industrial Park ကြီးရလာပြီဆိုတာနဲ့သူလုပ်မဲ့လုပ်ငန်းတွေတစ်ခါတည်း ခေါ်လာမှာဖြစ်ပါတယ်။ ထိုင်းမှာလုပ်ခလစာများလို့ ရွှေ့ချင်တယ်ဆိုတဲ့ လုပ်ငန်းမျိုးတွေကို တစ်ခါတည်းခေါ်ပြီး ကျွန်တော်တို့ဆီကို ဝင်လာမှာဖြစ်ပါတယ်။ ဘယ်ဟာက ဘယ်လောက်အသေးစိတ်လာမယ်ဆိုတာကိုတော့ အတိအကျစာရင်းပြုစုထားတာမရှိဘူး။ ဒါပေမဲ့ လာဆွေးနွေးတာတွေကတော့ မော်တော်ကားနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ ကျွန်တော်တို့ဆီကိုရွှေ့လာချင်နေတယ်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အဆင့် (၃) နေရာ၌ ရပ်တည်နေပြီး၊ ပြီးခဲ့သည့် စက်တင်ဘာလကုန်အထိ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၁၁ ဒသမ ၅ဘီလီယံ အထိဝင်ရောက်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် အလုပ်သမားတစ်ဦး၏ လက်ရှိအနိမ့်ဆုံးလစာမှာ တစ်လလျှင် ပျမ်းမျှ ကျပ်တစ်သိန်းခွဲအောက်သာရှိသော်လည်း ထိုင်းနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာမှာ ၂၀၁၇ ခုနှစ်မှာပင် ကျပ် ၃သိန်းနီးပါးရှိနေသည်။

**Source:** http://www.mizzimaburmese.com/article/62594

## ဖရဲကို အရည်အသွေးမီစွာ စိုက်ပျိုးထုတ်လုပ်မှသာ ဈေးကောင်းရရှိတော့မည်



တရုတ်က အရည်အသွေးကောင်းဖရဲများ ပိုမိုကြိုက်နှစ်သက်လာ၍ အရည်အသွေးကောင်းအောင် စိုက်ပျိုးနိုင်ပါမှ ဈေးကောင်းရရှိနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ တရုတ်က အမှတ်တံဆိပ် အရည်အသွေးကောင်းတာတွေကို ရွေးချယ်စားသုံးလာကြပြီ။ အမြင်လှပမှု၊ အရသာကောင်းမွန်မှုတွေ၊ ထုပ်ပိုးမှုပုံစံတွေ ပြောင်းလဲတင်ပို့ဖို့ လိုလာပါပြီ။ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးစိုက်ပျိုး ထုတ်လုပ်ဖို့ လိုလာပါပြီ။ အဲဒီလို ပြောင်းလဲမှုတွေ လိုက်မလုပ်နိုင်ရင်တော့ ဈေးကွက်မှာ အသီးတင်ပို့တဲ့ကားခတောင် မရနိုင်တော့ပါဘူးဟု စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် စိန်နားကျေးရွာမှ ဖရဲစိုက်တောင်သူ ဦးသစ္စာကပြောသည်။

ယခုနှစ် မိုးဖရဲ စိုက်ပျိုးမှုတွင် အသီးအရည်အသွေး ကျဆင်းမှုနှင့် မိုးဖရဲကားစီးရေ ပိုမိုဝင်ရောက်နေခြင်း ကြောင့် ဈေးနှုန်းကျဆင်းနေကြောင်းသိရသည်။ ဖရဲစိုက်လုပ်ကွက်ကြီးသမားတွေကတော့ ပြောင်းလဲသွားတဲ့ ရာသီဥတုကို သတိထားလာကြတယ်။ ပြောင်းလဲသွားတဲ့ ဈေးကွက်ကိုလည်း သတိထားကြတယ်။ စိုက်ကွက်ကြီးသမားတွေကတော့ စိုက်ဧက လျှော့တယ်။

နိုင်နိုင်နင်းနင်း စီမံနိုင်သလောက်ပဲစိုက်ပျိုးပြီး အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်နေကြပါတယ်ဟု ၎င်းကဆက်လက်ပြောသည်။

စိုက်ပျိုးရေးဆေးများကို ကုမ္ပဏီများက အသီးပေါ်ပေး အကြွေးစနစ်ဖြင့် မရောင်းချတော့ခြင်းကြောင့် လုပ်ကွက်ကြီးတောင်သူကြီးများ စိုက်ကေများ လျှော့ချစိုက်ပျိုးလာကြကြောင်းသိရသည်။ ဖရဲစိုက်ခင်းများတွင် စိုက်ပျိုးစရိတ်လျှော့ချနိုင်ရန်နှင့် အသီးအရည်အသွေး၊ရောဂါဒဏ်ခံနိုင်သည့်မျိုး ရွေးချယ်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာ၊ သဘာဝပိုးနှိမ်နင်းခြင်း၊ ဓာတုပိုးသတ်ဆေးများကို မျှတအောင်သုံးစွဲစိုက်ပျိုးနေရကြောင်း၊ အစားအစာလုံခြုံရေးကို အထူးအလေးထား စိုက်ပျိုးနေရခြင်းကြောင့် စိုက်ပျိုးစရိတ်တစ်ကေလျှင် ကျပ်နှစ်သိန်းမှသုံးသိန်းအထိ ပိုမိုကုန်ကျလာကြောင်းသိရသည်။ စိုက်ပျိုးရေးမှာ နှစ်တိုင်းတော့ အဆင့်မြှင့်နေရတာပါ။ ဒီနှစ် ဖရဲစိုက်ခင်းတွေမှာ အသီးအရည်အသွေးကောင်းအောင် ထရာဂိုဒရာမားတွေလွှတ်တယ်။ မြေအရည်အသွေးကို မြှင့်တင်ပေးတယ်။ ဘိုကာရှီ မြေဆွေးတွေလည်းသုံးရတယ်။ လက်ရှိမှာတော့ ဓာတုဆေးနဲ့အော်ဂဲနစ်ကို တွဲသုံးပြီး အစားအစာဘေးကင်းလုံခြုံမှုကို ဦးစားပေးထုတ်လုပ်နေပါတယ်။ စိုက်ပျိုးစရိတ်ကတော့ ဒီနှစ် အလုပ်သမားဈေးတွေတက်လာတယ်။ စက်သုံးဆီဈေးတွေတက်လာတယ်။ တစ်ရက်လုပ်အားခ ကျပ် ၅၀၀၀ ကျော်ပေးနေရတယ်။ ကျွမ်းကျင်လုပ်သား တွေ ရှားလာတော့ လုပ်သားအရေအတွက် ပိုသုံးလာရပါတယ်။ တစ်ကေချင်း စိုက်ပျိုးစရိတ်က အသီးထွက်တဲ့ အထိ ကျပ်သိန်း၂၀ ကနေ ကျပ် ၂၅ သိန်း ကုန်ကျတာကနေ ဒီနှစ်မှာ ကျပ် ၂၇ သိန်းကနေ ၂၈ သိန်းအထိ ကုန်ကျလာပါတယ်ဟု ဦးသစ္စာက ပြောသည်။ ခွာညိုပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကနိုဝင်ဘာလဆန်းပိုင်းကစပြီး ဈေးကွက်ထူးခြားလာပါတော့မယ်။ တရုတ်ပြည် အသီးတွေ ကုန်တော့မယ်။ မူဆယ်ဈေး ကွက်မှာလည်း အသီးသန့်သွားတော့မယ်။ပြည်တွင်း မိုးဖရဲအသီးတွေက အရည် အသွေးညံ့တာတွေများတယ်။ မိုးဖရဲကတော့ မိုးရွာသွန်းမှုပဲအားကိုးရတယ်။ ရေသွင်းစိုက်ပျိုးတာလောက် အသီးအရည်အသွေးမကောင်းဘူး။

တောင်သူတွေက စိုက်ပျိုးမှုနည်းစနစ်လိုအပ်ချက်တွေကြောင့် အသီးတွေက ပွပွကြီးဖြစ်ပြီးအထား အသိုမခံတော့ ဈေးလျှော့ဝယ်တာခံရတာပါ။ ဆိုလိုတာက နှစ်ယွမ်ပေးရမယ့် အသီးကို အဝေးတင်မခံတော့ တစ်ယွမ်ပဲပေးတော့တယ်။ တရုတ်ပြည်သူတွေရဲ့ အသီးစားသုံးမှုက မိုးဖရဲရာသီမှာ နည်းပါသေးတယ်။ နိုဝင်ဘာ ၁၀ ရက်အတွင်းမှာ အရည်အသွေးရှိတဲ့ အသီးဆိုရင် တစ်တန်ကို ယွမ် ၅၀၀ လောက် ဈေးတက်လာပါလိမ့်မယ်ဟု ပြောသည်။ မူဆယ်သစ်သီးဈေးကွက်တွင် ဗမာသီး တစ်တန်လျှင် ယွမ် ၄၀၀ မှ ၆၀၀ ကြား၊ ရှမ်းသီး တစ်တန်လျှင် ယွမ် ၆၀၀ မှ ၉၀၀ ကြား၊ လုပေါင်သီး(အစီးပြတ်) ယွမ် ၅၀၀၀မှ ၁၁၀၀၀ ကြား၊ အဖြူသီးစီးပြတ် ၁၅ တန်ယွမ် ၈၀၀၀ မှ ၁၁၀၀၀ ကြား၊ ထဲန်ဝမ် တစ်တန်လျှင် ယွမ် ၂၀၀၀ မှ၂၃၀၀ ကြား၊ အစေ့မဲ့တစ်တန်လျှင် ယွမ် ၁၂၀၀ မှ ၁၄၀၀ကြား၊ တစ်ယွမ်လျှင် မြန်မာငွေ ၂၁၂ ကျပ် ရှိသည်။

**Source:** http://htwettoe.com/article-details/news/8245592

## STOCK EXCHANGE (13.11.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 1,195 | 13,242,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,900 | -50 | -1.27% | 3,900 | 3,900 | 3,900 | 8,305 | 32,389,500 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 4 | 32,800 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 653 | 15,019,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 11 | 33,000 | 12,823,224 | 38,470 |

## Market summary

As of 13th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 460.58 | -0.66 | -0.14% | 460.58 | 470.48 | 460.58 | 10,168 | 60,716,800 | 5 | 630,679 |

### Index chart




# Market Overview

As of 1:00 pm, 13th Nov. 2019

| MYANPIX | 460.58 ▼0.66 |
|---|---|
| Total Volume (shares) | 10,168 |
| Total Value (MMK) | 61 mil |
| Listed Company | 5 |
| Market Cap. (MMK) | 630,679 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲0 |
| MTSH | 00002 | 3,900 | ▼50 |
| MCB | 00003 | 8,200 | ▲100 |
| FPB | 00004 | 23,000 | ▲0 |
| TMH | 00005 | 3,000 | ▲0 |